# ရတနာ

By Alice Gray

ရွှေရောင်ဆံပင် အခွေအလိပ်များနှင့် မျက်နှာ ရွှင်ပျသော မိန်းကလေးငယ်သည် အသက် (၅)နှစ်အရွယ်မျှသာ ရှိပါသေးသည်။ သူမ၏ မိခင်နှင့်အတူ ငွေရှင်းကောင်တာတွင် ရပ်နေစဉ် သူမသည် ပန်းရောင် သတ္တုဘူးလေးထဲတွင် ထည့်ထားသည့် ဝန်းဝိုင်းပြီး အရည်ရွှန်းလဲ့သော ပုလဲများကို တွေ့လိုက်ပါသည်။ “အို . . . မေမေ ကျေးဇူးပြု၍ သမီးအဲဒီဟာတွေ ရနိုင်မလား? ကျေးဇူးပြု၍ ပေးပါမေမေ”

မိခင်ဖြစ်သူက လျင်မြန်စွာ သတ္တုဘူးကလေး၏ နောက်ကျောကို ကြည့်လိုက်ပြီးလျှင် မျက်လုံးပြာကလေးနှင့် သူမအား တောင်းပန်လျက် မော့ကြည့်နေသော သမီးငယ်ကိုတစ်ဖန် ပြန်ကြည့်လိုက်ပြီး “တစ်ဒေါ်လာနှင့် ကိုးဆယ့် ငါးဆင့်ဆိုတော့ နှစ်ဒေါ်လာနီးပါပဲ။ သမီး အဲဒါကို လိုချင်ရင် မေမေက သမီးလုပ်ဖို့ အပိုအိမ်မှုကိစ္စတွေ စဉ်းစားရလိမ့်မယ်။ ဒီလိုဆိုရင် အချိန်တိုတိုနဲ့ ကိုယ့်ဘာသာကိုယ်ဝယ်ဖို့ သမီးပိုက်ဆံ စုနိုင်မယ်။ သမီးမွေးနေ့က နောက်တစ်ပတ်လောက်ဆို ရောက်တော့မယ်။ သမီးရဲ့အဖွားဆီက ပိုက်ဆံရချင် ရနိုင်တယ်”

ဂျန်နီသည် အိမ်ရောက်ရောက်ချင်း သူမ၏ ပဲနီစုဘူးလေးကို ရှင်းထုတ်ပြီး ရေတွက်ကြည့်ရာ (၁၇)ပဲနီ ရှိသည်ကို တွေ့ရသည်။ ညစာစားပြီးနောက် သူမသည် သူမလုပ်ရမည့် အိမ်မှုကိစ္စတာဝန်များထက် ပို၍ လုပ်ဆောင်ခဲ့ပြီး အိမ်နီးချင်း မစ္စစက်ဂျိမ်းထံသွား၍ အဝါရောင် အလေ့ကျပေါက်သောပန်း (ဒုစလီပန်း)များကို (၁၀)ဆင့်ဖြင့် သူမ ခူးပေးရမည်လားဟု မေးခဲ့ပါသည်။ သူမ၏ မွေးနေ့၌ အဖွားက ဒေါ်လာအသစ်တစ်ရွက် ပေးခဲ့ပါသည်။ နောက်ဆုံးတွင် သူမ၌ ဆွဲကြိုးဝယ်ရန် ငွေအလုံအလောက်ရရှိခဲ့ပါသည်။

ဂျန်နီသည် သူမ၏ ပုလဲများကို နှစ်သက်ပါသည်။ ယင်းတို့သည် သူမအား ဝတ်ကောင်းစားလှဝတ်ဆင်ထားပြီး ကြီးပြင်းလာသကဲ့သို့ ခံစားရစေပါသည်။ သူမသည် ယင်းတို့ကို ဘယ်သွားသွား ဝတ်ဆင်ထားပါသည်။ တနင်္ဂနွေ ဥပုသ်စာဖြေကျောင်း၊ မူကြို၊ အိပ်ယာဝင်သည့်အခါ၌ပင် ဝတ်ဆင်ထားသည်။ သူမ ရေကူးသည့်အခါ (သို့) ရေချိုးဇလုံထဲ၌ ရေစိမ်သည့်အခါမှသာလျှင် ချွတ်ထားပါသည်။ ယင်းတို့ ရေစိုသွားလျှင် ဆွဲကြိုးသည် အစိမ်းရောင် ပြောင်းသွားလိမ့်မည်ဟု မေမေက ပြောပါသည်။

ဂျန်နီ၌ အလွန်ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော ဖေဖေရှိပြီး သူမ အိပ်ယာဝင်ရန် အဆင်သင့်ဖြစ်သောအခါ သူသည် လုပ်လက်စ မည်သည့် အလုပ်မဆို ရပ်ထားပြီး သူမနှင့်အတူ အပေါ်ထပ်သို့တက်၍ ပုံပြင်ကို ဖတ်ပြပါသည်။ တစ်ညတွင် ဖေဖေသည် ပုံပြင်ဖတ်ပြီးသောအခါ ဂျန်နီအား “သမီး ဖေဖေ့ကိုချစ်လား?”ဟု မေးရာ ဂျန်နီက “အိုချစ်တာပေါ့ဖေဖေ၊ သမီး ဖေဖေကိုချစ်တယ်ဆိုတာ ဖေဖေသိပါတယ်” “ဒါဆိုရင် သမီးရဲ့ ပုလဲလေးတွေကို ဖေဖေ့ကို ပေးမလား?” အိုးဖေဖေ. . . ပုလဲတော့မပေးဘူး၊ ဒါပေမဲ့ ဖေဖေလိုချင်ရင် သမီးသိမ်းထားတဲ့ အဖြူရောင်မြင်းကလေး ပရင့်စက်(စ)ကို ယူပါလား၊ အမြီးက ပန်းရောင်လေးနဲ့ အရုပ်ကလေးလေ၊ ဖေဖေမှတ်မိတယ် မဟုတ်လား?”

“ကောင်းပြီးအချစ်ကလေး၊ ဖေဖေ သမီးကို ချစ်ပါတယ်၊ ကောင်း သောညပါ” ထို့နောက် သူမ၏ ပါးပြင်လေးကို ဖွဖွလေး နမ်းလိုက်ပါသည်။

တစ်ပတ်ခန့်အကြာတွင် ပုံပြင်ပြီးသည့်အခါ၌ ဂျန်နီ၏ ဖေဖေက တစ်ဖန်မေးပြန်သည်။ “သမီး ဖေဖေ့ကို ချစ်လား?”

“ဖေဖေ့ကို သမီးချစ်တာ ဖေဖေသိပါတယ်” “ဒါဆိုရင် သမီးရဲ့ ပုလဲလေးကို ပေးမလား”

“အိုဖေဖေ၊ သမီးရဲ့ ပုလဲကိုတော့ မယူပါနဲ့၊ ဒါပေမယ့် သမီးမွေးနေ့တုန်းက ရထားတဲ့ ဒေါ်လီရုပ် အသစ်စက်စက်ကလေးကို ပေးမယ်လေ။ အရုပ်ကလေးက သိပ်လှတာ။ သူ့အိပ်စင်နဲ့ လိုက်ဖက်တဲ့ အဝါရောင် စောင်ကလေးကိုလည်း ရဦးမယ်”။

“ကောင်းပြီ၊ သမီး ကောင်းကောင်း အိပ်ပါ။ သမီးလေးကို ဘုရားသခင် ကောင်းချီးပေးပါစေ” ခါတိုင်းလိုပင် သူမ၏ ပါးပြင်အား ညင်သာသော အနမ်းဖွဖွကလေး ပေးလိုက်ပါသည်။

ညအနည်းငယ်ကြာပြီးနောက် သူမ၏ဖခင် အခန်းတွင်းသို့ ဝင်လာသောအခါ ဂျန်နီသည် ကုတင်ပေါ်တွင် တင်ပျဉ်ခွေလျက် ထိုင်နေသည်ကို တွေ့ရပါသည်။ သူအနီးသို့ ကပ်သွားသောအခါ သူမ၏ မေးစေ့က တဆတ်ဆတ် တုန်လျက်ရှိနေပြီး အသံတိတ်လျက် မျက်ရည်များ ပါးပေါ်စီးကျနေသည်ကို သတိပြုမိပါသည်။

“ဒါဘာလဲဂျန်နီ၊ ဘာဖြစ်လို့လဲ?”

ဂျန်နီသည် ဘာတစ်ခွန်းမျှ မပြောပါ။ သို့သော် သူမ၏ လက်ကလေးကို ဖခင်ဖြစ်သူထံ ကမ်းပေးလိုက်ပါသည်။ သူမ၏လက်ကို ဖွင့်လိုက်သောအခါ လက်ထဲတွင် ပုလဲဆွဲကြိုးကို တွေ့ရပါသည်။ နောက်ဆုံးတွင် သူမသည် အနည်းငယ် တုန်လှုပ်စွာဖြင့် “ ဒီမှာ ဒက်ဒီ အတွက်”

ကြင်နာတတ်သည့် ဂျန်နီ၏ ဖေဖေသည် မျက်လုံးထဲတွင် မျက်ရည်များဝဲလျက် လက်တစ်ဖက်က စတိုးဆိုင်မှ အပေါစား ဆွဲကြိုးတစ်ကုံးကိုကိုင်ခါ ကျန်လက်တစ်ဖက်မှ သူ၏ အိပ်ကပ်ထဲသို့ နှိုက်၍ ပုလဲဆွဲကြိုး အစစ်ထည့်ထားသော အပြာရောင် ကတ္တီပါ အိပ်ကလေးကို ဆွဲထုတ်ပြီး ဂျန်နီအား ပေးလိုက်လေသည်။ ဤဆွဲကြိုးလေးသည် သူ့ထံတွင် တစ်ချိန်လုံး ရှိနေခဲ့ပါသည်။ သူသည် သမီးက သူ့အား အပေါစား ဆွဲကြိုးပေးမည့်အချိန်ကို စောင့်စားနေခြင်းဖြစ်ပြီး သို့မှသာ သူမအား ရတနာအစစ်ကို ပေးနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ကောင်းကင်ဘုံရှိ အဖနှင့် လွန်စွာ ဆင်တူပါသည်။ သင် အဘယ်အရာကို စွဲလန်းနေပါသနည်း?

သံချေး ပိုးရွ ဖျက်ဆီး၍ သူခိုး ထွင်းဖောက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကို မဆည်းပူးကြနှင့်။ သံချေး ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖောက် မခိုးယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ဆည်းပူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌ သင်တို့၏ ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံး ရောက်တတ်၏။ (မဿဲ ၆း၁၉-၂၀)